# မောင်စိန်နုဝင်း

ပုတီးကုန်း

## သမုဒယ လမင်းရဲ့ချစ်ခြင်းရောင်ခြည်



# အစ

## အပိုင်း (၁)

### (၁)

စကားသံသဲ့သဲ့ အကြားအာရုံသို့ဝင်သည် ။ သတ္တုခွက်ထဲသို့ ဖန်မှန် အပိုင်းအစကျသံမျိုးကို ထပ်ပြီး သတိထားမိ၏။ အဆက်မပြတ်မြည်နေ သည့်အသံကို လေအေးပေးစက်မှ အသံဟု နားလည် လိုက်မိပြန်သည် ။

ဆေးရုံနံ့သည် သူ့စိတ်ကို သတိပေးလှုပ်နှိုးလိုက်သလို ဖြစ်သွားပြီ လားမသိ။ လေးလံနေသော မျက်ခွံကို သူရုတ်ခြည်းဖွင့်လိုက်မိတော့သ ည် ။ ဖြူဖွေးသော မျက်နှာကြက်သည် သူ့ကို အုပ်မိုးကြည့်ရှု နေသလို။

"သတိရပြီလား"

"သမီးလေး"

သူစိမ်းအမျိုးသမီးအသံနှင့် မေမေ့အသံကို သူကြား၏။ မေမေ့မျက်နှာဆီ အကြည့်ပို့သည် ။ စိုးရိမ်ပူပန်မှု ပြည့်လျှံနေသော မေ မေ့မျက်နှာကို သတိထားမိသည် ။

"မေမေ"

ခေါင်းကို ငဲ့ဖို့ ကြိုးစားစဉ် တစ်ကိုယ်လုံး လှုပ်မရအောင် နာကျင်နေ မှန်းသိလိုက်သည် ။

"သမီးလေး ဘာမှ မဖြစ်ဘူး"

လက်ဖျားကို လာဆုပ်ရင်း မေမေ့နှုတ်မှ ထွက်သည့်အသံကြောင့် သူ တစ်ခုခုဖြစ်ခဲ့ပြီဟု အတွေးချက်ချင်းဝင်၏။ သူဘာဖြစ်ခဲ့တာလဲ။ ချက်ချင်းစဉ်းစားလို့ မရ။

ဝုန်းခနဲကြားခဲ့ရသည့် ကျယ်လောင်သံကြီးကို ပထမဆုံး သတိရလာသည် ။ ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်ပြီဆိုသော အသိဖြင့် တုန်လှုပ်ချောက်ချားစိတ်ဝင်ပြီးနောက် ဘာမှ မသိတော့။

အနားသို့ ဆရာမရောက် လာပြီး သူ့ကိုဆေးတိုက်ပေးစဉ် အတွေးပြတ်သည် ။

"ခေါင်းကိုမထိတာ အရမ်းကံကောင်းတယ်"

မေမေ့ကိုပြောသည့် ဆရာမအသံက သေတွင်းက သီသီလေး လွတ်လာတာပါလားဟု အတွေး ဝင်စေသည် ။

"မြတ်သူရ"

အာရုံမှာ သူရချက်ချင်းပေါ်လာတော့သည် ။ သူရ အခုဘယ်မှာ လဲ။

သူရနှင့်သူ ကားတစ်စီးတည်း... အတူရှိနေခဲ့တာပဲ။ ကားချင်းမတိုက်ခင်လေးမှာ သူရက သူ့ကို ငဲ့စောင်းစကားဆိုခဲ့သေးတာပဲ။

"မေမေ သူရ ... သူရရော"

ဆရာမ ဆေးထိုးအပြီးမေးလိုက်သည့် သူ့အသံကို မကြားလေသလား။ အကြည့်ကိုလွှဲပြီး ချက်ချင်းပြန်မဖြေ။

"မေမေ ... သူရရောဟင်"

သူ့မျက်နှာကို မေမေ စူးစိုက်ကြည့်သည် ။

"မေမေက မြတ်သူရဆီကို မရောက်ဘူးသမီး၊ သမီးကိုစိတ်ပူပြီး မေမေသမီးအနားမှာ ပဲ ရှိနေတာ၊ သူလဲ သမီးလိုပဲ အထူးကုဆေးခန်းတစ်ခုခု၊ ဆေးရုံတစ်ခုခုမှာ ရှိနေမှာ ပါ"

"သူ ဘာမှ မဖြစ်ပါဘူးနော်"

"အင်း"

မေမေ စကားထစ်နေသည် ။ ပြီးမှ ...

"ဘာမှ မဖြစ်လောက်ပါဘူး သမီးရယ်၊ အဲဒါတွေ မစဉ်းစားနဲ့ ဦး သမီး၊ သမီးက သုံးလေးရက်ဆို အိမ်ပြန်လို့ ရပြီ။ အပြင်မှာ ပဲ ဒဏ်ရာရတာ။ ဘာမှ ကြီးကြီးကျယ်ကျယ် မဖြစ်ဘူး။ နေကောင်းမှ မြတ်သူရဆီသွားချင်သွားမေးတာပေါ့"

ဟု ဖြေသိမ့်စကားဆို၏။

မြတ်သူရ တစ်ခုခုဖြစ်မှာ ကို သူစိုးရိမ်တွေးပူမိသည် မှာ အမှန်။ အရှိန်ပြင်းစွာဖြင့် မျက်နှာချင်းဆိုင် ဝင်လာသော ကားကို သတိထားမိလိုက်ချိန်မှာ သူရရှောင်ချိန်မရလိုက်။ စူးရှစွာ အော်ဟစ်လိုက်သော သူ့အသံ၊ ကားနှစ်စီးအရှိန်ဖြင့်ဝင်ဆောင့်သံ။

မျက်စိကိုမှိတ်ရင်း၊ သက်ပြင်းရှည်ချမိပြန်သည် ။

"သူရမသေပါဘူးနော် မေမေ"

မျက်လွှာကို ပင့်ရင်းပူပန်စွာ သူမေးမိပြန်သည် ။

မေမေက ခေါင်းကို ခါယမ်းပြပြီး သူ့အနားမှ ခွာသွားတာကို သူအားမရ။

လေအေးစက်သံကို နားမှာ ပို၍ ဆူညံလာသလို ထင်မိပြန်သည် ။

*

(၂)

“ခင်လင်းသန့် သမီးဆီကို ရောက်မလာဘူးနော်”

အပြင်ဆေးကုခန်းမှ ပဲခူးအိမ်ပြန်ရောက်စဉ် မေမေက သူ့ကိုမေးသည် ။

“ခင်လင်းက သူရဆီရောက်နေမှာ ပေါ့၊ သက်သက်တော့ လာသားပဲ ”

ခြေသလုံးမှာ စည်းထားသည့် ပတ်တီးစကို ပြန်တင်းရင်း သူပြောသည် ။ မေမေ သူ့ကို ဘာမှ ထပ်မမေး။

“မေမေ နောက်နေ့လောက်ဆို သမီး သူရဆီ သွားမေးလို့ ရပြီထင်တယ်။ မေမေတွဲရင် သမီး ထနိုင်ပြီပဲ”

မေမေ့ကိုကြည့်ရင်းပြောစဉ် မေမေ အကြည့်လွှဲ၏။

“မေမေ”

ခေါ်သံကြောင့် အကြည့်ဆုံသော်ငြား မေမေ့မျက်နှာက တစ်စုံတစ်ခုကို ဖုံးဖိထားသည့်နှယ်။

“မေမေ သမီးကို သူရအခြေအနေအမှန် ပြောစေချင်တယ် မေမေ”

မေမေက သက်ပြင်းချရင်း အကြည့်လွှဲသည် ။

“ပြောပါ မေမေ သမီးစိတ်ပူလို့ ”

“ဆုံးပြီး သမီး မနေ့ကပဲ ရက်လည်သွားပြီ”

“ဘယ်လို မေမေ”

“မြတ်သူရက ကားတိုက်တဲ့ နေ့မှာ ပဲ ပွဲချင်းပြီးဆုံးသွားခဲ့တာ သမီး”

“မေမေရယ်”

မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ရင်း ငိုချလိုက်မိသည် ။ မေမေက သူ့ဘေးမှာ ဝင်ထိုင်ရင်း သူ့ပခုံးကိုယုယစွာဖက်၍ ဖြေသိမ့်ချော့မော့ပြန်သည် ။

“သမီးကိုချက်ချင်းမပြောဘဲ ညာထားတာက သမီးသိပ်စိတ်ပူသွားမှာ ၊ စိတ်မကောင်းဖြစ် သွားမှာ စိုးလို့ ပါ သမီး။ သမီးကလည်း ဆေးခန်းကဆင်းရသေးတာ မဟုတ်တော့ ...”

ယူကျုံးမရခြင်း၊ ကြေကွဲဆို့နင့်ခြင်းတို့ ဖြင့် ရင်ပူသည် လှုံ့ပွက်ပြီလား ထင်၏။ သူ့ကြောင့်ဟု တွေးမိစဉ် ရှူးသွပ်မလောက် ခံစားပူပန်ရပြန်သည် ။

“သမီးကြောင့်သေတာ သူသမီးကြောင့် ...”

ရှိုက်သံကြားမှ စကားသံဗလုံးဗထွေး ထွက်သွားသည် ။

“ကံလို့ ပဲ ဖြေပါ သမီးရယ်၊ သမီးကြောင့်ရယ်လို့ လဲ ဘယ်ဟုတ်မလဲ ။ ဖြစ်ဖို့ ကံပါလာလို့ ”

သူခေါင်းကို ဖြည်းဖြည်းခါယမ်းသည် နောက်ကျ နာကျင်စွာခံစားရသဖြင့် မျက်နှာက ရှုံ့မဲ့ သွားမိပြန်၏။

“သမီး သူ့အိမ်ကို ဖုန်းဆက်ပြီး ဝမ်းနည်းကြောင်း ပြောချင်တယ်”

“အမလေး မလုပ်ပါနဲ့ ဦး သမီးရယ်”

“ဘာဖြစ်လို့ လဲ မေမေ”

“သူတို့ သား သမီးကြောင့်သေရတယ်လို့ စိတ်နာနေကြတယ်တဲ့ ။

မေမေ့ကို ခင်လင်းသန့်က ပြောတာ အသုဘချတဲ့ နေ့ကလေ”

“မေမေ သမီးနားမလည်ဘူး”

မေမေ့မျက်နှာကို စူးစိုက်ကြည့်ရင်း သူ့နှုတ်မှ ထွက်သွားသည် ။

“သမီးတို့ ခိုးပြေးကြတာကိုက မှားတာ”

“ရှင်”

“ဘာဖြစ်ဖြစ် သမီးလည်း နာမည်ပျက်တာ အဖတ်တင် ...”

“မေမေ သမီးနဲ့ သူရ ခိုးပြေးတယ် ဘယ်သူကပြောလဲ”

“အားလုံးပြောနေကြတာပဲ သမီး”

“ဟာ”

“မေမေ့ကို ဖုံးမနေပါနဲ့ တော့ သမီးရယ် ဖြစ်ပြီးတာတွေလဲ ဖြစ်ပြီးပြီပဲဟာ”

“ မဟုတ်ဘူး မေမေ မဟုတ်ဘူး ”

မခံချင်စိတ်ဖြင့် ငြင်းလိုက်သည့်အသံက ကျယ်လောင်သွားပြီထင်၏ ။

“ပတ်ဝန်းကျင်ဆိုတာ တစ်စိတ်တစ်အိတ်လုပ်ပုံကြီးချဲ့ ပြောချင်ကြတာ သဘာဝပဲ၊ ခု သမီး ကိစ္စကတော့ ပြောစရာတွေက ခိုင်ခိုင်လုံလုံ ရှိနေတယ်လေ၊ ခင်လင်းသန့်ဆိုလည်း သမီးကို တော်တော် စိတ်ဆိုးနေပုံပဲ”

မေမေပြောပြီး ထရပ်သည် ။

“သမီးနဲ့ သူရ ဘာမှ မဖြစ်ဘူး”

မေမေက ထောင့်စားပွဲပေါ်ရှိ ပိုက်ဆံအိတ်ကို သွားယူပြီး ပြန်လှည့်လာပြီး သူ့ရှေ့မှာ ရပ်သည် ။ ပိုက်ဆံအိတ်ကို ဆွဲဖွင့်လိုက်၏။ ပြီးမှ တစ်စုံတစ်ခုကို နှိုက်ပြီးယူကာ သူ့ဆီ လက်ကမ်းသည် ။

"ရော့သမီး လက်စွပ်"

လှမ်းမယူပါဘဲ ကြောင်ကြည့်နေမိပြန်၏။ ထိတ်လန့်ခြင်း တုန်လှုပ်ခြင်း ယူကျုံးမရခြင်းများ စွာ၏ အရိုက်အခတ်ဖြင့် ရင်သည် ဆတ်ဆတ်ခါချင်ပြီ။

"အသုဘချတဲ့ နေ့က ခင်လင်းသန့် မေမေ့ကိုလာပေးခဲ့တာ"

"သူရလက်မှာ စွပ်ထားတာတဲ့ သူရအိမ်ကပေးခိုင်းလိုက်တာလို့ ပြောတယ်"

"သူရအိမ်က သမီးလက်စွပ်ဆိုတာသိတယ် ဟုတ်လား"

"ခင်လင်းသန့်ကိုပြတော့ ခင်လင်းသန့်က ပြောပြလိုက်လို့ သိတာတဲ့ ။ ခင်လင်းသန့်က သမီး လက်စွပ်ကို မှတ်မိတယ်ပြောတာပဲ"

မေမေက လက်စွပ်ကလေးကို သူ့လက်မှာ စွပ်ပေးလိုက်ရင်းပြောသည် ။

သူ သက်ပြင်းများကို ချရင်း ဘာမှ ပြန်မပြောမိတော့။ လက်စွပ်ကလေးကို ကြည့်နေလိုက်ပါ သည် ။ သူ့လက်စွပ်ပုံကို သူရကကြိုက်လှချည်ရဲ့ ဟု ခဏခဏပြောခဲ့ဖူးသည် ပဲ။ နမူနာယူပြီး ခင်လင်းသန့်က သူရအတွက်လုပ်ပေးခဲ့ဖူးသည် ပဲ။

အရာရာသည် ရှင်းမရအောင် ရှုပ်ထွေးသွားပြီဟု နားလည်လိုက်မိတော့သည် ။

“ခင်လင်းသန့်နဲ့ မြတ်သူရရဲ့ ညီမနဲ့ က သူငယ်ချင်းမဟုတ်လား။ မြတ်သူရ နောက်ဆုံး ဖုန်း ဆက်ခဲ့တာ သူ့ညီမဆီကိုတဲ့ လေ”

သူ့ဆိုင်ထဲမှာ ဝယ်စရာတစ်ခုရှိလို့ ဝင်အသွား သူရဖုန်းဆက်နေတာ ပြန်မြင်ယောင်သည် ။ ကားပေါ်မှာ သူရပြောတာ ပြန်ကြားယောင်သည် ။

“သမီးနဲ့ သူ ခိုးသွားကြပြီ လူကြီးတွေကိုပြောလိုက်ပါလို့ သူ့ညီမနဲ့ မှာ သွားတာတဲ့ ”

“သူရက အဲဒီလိုမှာ တာ တကယ်ပေါ့”

အံ့သြတုန်လှုပ်စွာ ထွက်သွားသောအသံက တုန်ယင်နေ၏။ မေမေကခေါင်းကို အသာညိတ်ရင်း သူ့အနားကပ်လာသည် ။ သူ့ဆံပင်တွေကို အသာအယာပွတ်သပ်ပေးရင်း

“စိတ်မကောင်းဖြစ်မနေပါနဲ့ တော့ သမီးရယ် … အဲဒါတွေအားလုံး မေ့ထားလိုက်ပါတော့ … သေတဲ့ သူလည်း ပြန်ရှင်လာမှာ မဟုတ်တော့ပါဘူး၊ ပြီးတော့ ပတ်ဝန်းကျင်ကရော ဘယ်နှရက် မကောင်းပြောနိုင်မှာ တဲ့ လဲ”

“သမီး … မဟုတ်ရပါဘူးမေမေရယ်”

ကြေကွဲဆို့နင့်စွာ နှုတ်မှ လျှံထွက်ရင်း ရှိုက်နေပါပြန်တော့၏။

*